myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 23, 2019 | Volume 21, Number 15

**၂၃.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၁၅ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၄၄၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၁၀.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၈၉.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၀၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၇၇.၃ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၆.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၁.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၉၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## ရှမ်းပြည်နယ်ဒေသထွက်ပန်းများ ပန်းဈေးကွက်တွင် ရောင်းအားတက်



ယခုနှစ် ဇူလိုင်လ ပန်းဈေးကွက်တွင် အမြဲပေါ်သော ပန်းများ အပြင် ရာသီပန်းများလည်း ရောင်းအား ကောင်းပြီး မနှစ်ကထက် ဈေးပို ရကြောင်းရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ် ခွင့်ရဒေသ ရွာငံမြို့နယ်အတွင်းရှိ ပန်းထိမ်ငိုပန်း ရောင်းချသော ပန်းဒိုင်မှ ဒေါ်နန်းမိုး က ပြောဆို ခဲ့သည်။

ပန်းတစ်စည်း ရန်ကုန်တင်တာ ကျပ် ၉၀၀ ရှိပါတယ်ရှင့်။ ဝါတွင်းကာလ မှာတော့ နှစ်စဉ်ရောင်းအား ကောင်းပါတယ်။ ဒီနှစ်ပိုရောင်းရတယ်လို့ ဒေါ်နန်းမိုး က မြန်မာတိုင်းမ် နေ့စဉ်သို့ ပြောဆိုခဲ့သည်။ ရန်ကုန်ပန်းဈေးကွက်တွင် အဆိုပါ ပန်း ၁၀ ခက်ခန့်ပါ ပန်းတစ်စည်းလျှင် ကျပ် ၁၅၀၀ မှ ၂၀၀၀ခန့် ပေါက်ဈေးရှိကြောင်း သိရသည်။

ကျွန်တော်က မြေပိုင်မရှိဘူး။ မြေငှားစိုက်တာ။ တစ်ဧကကို ဒီပန်းတစ်သီး စိုက်ဖို့ တစ်သိန်းခွဲပေးရတယ်။ ဒီနှစ်ဈေးကောင်းရလို့ စိုက်ရကျိုးနပ်ပါတယ်။ စိုက်ခင်း အတွင်း ပေါက်ဈေးက အကြီးအသေး အရိုင်းစည်းအခက် ၁၀၀ ပါ တစ် စည်းကို ကျပ် ၅,၀၀၀ လောက်ရတယ်ဟု စိုက်ခင်းရှင် ကိုသက်က ပြောဆိုသည်။

အဆိုပါဒေသတွင် ပန်းထိမ်ငိုပန်းကို အောင်ပန်း၊ ပင်းတယနှင့် ရွာငံမြို့နယ် များတွင် အများဆုံးစိုက်ပျိုးကြောင်း၊ ယင်းဒေသရှိ ပန်းဒိုင်များမှတစ်ဆင့် နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ အများဆုံးတင်ပို့ရကြောင်း ပန်းထိမ်ငို ပန်းသည် ဝါဆိုလမှ သီတင်းကျွတ်လအထိ ထွက်ရှိကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/125950.html

## ထိုင်းနံ့စားပြောင်းနီတစ်မျိုး ဗီယက်နမ်ဈေးကွက်ကိုထိုးဖောက်နိုင်



ထိုင်းမှ နံ့စားပြောင်းနီတစ်မျိုးသည် မကြာမီက ဗီယက်နမ်ဈေးကွက်သို့ ထိုးဖောက် လာနိုင်ပြီး စားသုံးသူများသာမက စိုက်ပျိုးသူ များကိုပါ ဆွဲဆောင်လာနိုင်သည်။ ရူဘီကွင်းဟု အမည် ရသည့် ယင်းနံ့စားပြောင်းနီကို ဗီယက်နမ် ဈေးကွက်တွင် တရားဝင်ရောင်းချခွင့် ရရှိထားပြီ ဖြစ်သည်။ ပြုတ်ရန် သို့မဟုတ် မီးဖုတ်ရန်မလိုဘဲ စားသောက်နိုင်သည့် ပထမဆုံးပြောင်းချိုမျိုးဖြစ်ကြောင်းလည်း ဗီယမ်နမ်စိုက်ပျိုးရေး ဝန်ကြီးဌာန စမ်းသပ်ချက်အရသိရသည်။ရူဘီကွင်းသည် အနီရင့်ရောင်ရှိပြီး ချိုသည့်အရသာရှိကာ ၅၈ ရက်မှ ၆၂ ရက်အတွင်း လျင်မြန်စွာကြီးထွားနိုင်ပြီး

စိုက်ပျိုးသူများအနေဖြင့် မြေတစ်ဟက်တာတွင် ပြောင်း ၁၀ တန်မှ ၁၂ တန်ဝန်းကျင် စိုက်ပျိုးနိုင်သည်။

ပြောင်းစေ့တစ်စေ့လျှင် ဗီယက်နမ်ဒေါင် ၅၀၀(ဒေါ်လာ သုညဒသမသုညနှစ်)ရှိပြီး ပြောင်းဖူးတစ်ဖူးလျှင် ဒေါင် ၂၀၀၀၀ (ဒေါ်လာ သုညဒသမ ၈၆ )မှ ဒေါင် ၃၅၀၀၀(တစ်ဒေါ်လာခွဲ)အထိ တန်ကြေးရှိသည်။ သာမန်ပြောင်းဖူးတစ်ဖူးထက် ဈေးနှုန်း သုံးဆမှလေးဆအထိ မြင့်မားသည်။ ရူဘီကွင်းကို ဖန်တီးသူ တာဝီးဆက်ဖူလမ်က ကမ္ဘာ့ပထမဆုံး အနီရောင်ပြောင်းချိုမျိုး ရအောင် ခြောက်နှစ်ကြာသုတေသနပြုဖန်တီးခဲ့ရကြောင်းပြောသည်။ ရူဘီကွင်းသည် ထိုင်းတွင်ရေပန်းစားသကဲ့သို့ ဗီယက်နမ်တွင် ပိုမိုလူကြိုက်များလာရန် မျှော်လင့်ကြောင်းလည်း ဖူလမ်ကပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/125928.html

## ပဲပုပ်ဆီဈေးကွက် ပိုမိုတွင်ကျယ်လာစေရန် ဆောင်ရွက်မည်

ကျန်းမာရေးနှင့် သင့်လျော်မှုမရှိသည့် စားအုံးဆီများအစား ပဲပုပ်ဆီဈေးကွက် ပိုမိုတွင်ကျယ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့ပဲပုပ်စိုက် တောင်သူများပိုင်အသင်း ဥက္ကဌ ဦးဝင်းဇော်အေးက ပြောသည်။ အဓိကတော့ အစိုးရဘက်က စားအုံးဆီနေရာမှာ ပဲပုပ်ဆီကို အစားထိုးထုတ်လုပ်နိုင်ဖို့ လုပ်ချင်တော့ ကျွန် တော်တို့ ဘက်က တောင်သူတွေ အစုအဖွဲ့တွေကို လုပ်ပေးနိုင်တယ်။ စုပေါင်းလယ်သမားအဖွဲ့တွေလုပ်ပေးပြီး စိုက်ပျိုးရေး ဦးစီးဌာန၊ စီးပွား/ကူးသန်းဌာန၊ နောက်အခြားသော ရင်းနှီးမြှုပ်နှံသူတွေနဲ့ပူးပေါင်းပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးတွေ စမ်းသပ်ဖို့ ကျွန်တော်တို့ဘက်ကလုပ်မယ်။ တောင်သူတွေ တကယ်စိုက်လာရင် ရင်းနှီးမြှုပ်နှံသူတွေ၊ ဌာနတွေ ဝင်ပါလာပြီး ဝယ်ယူဖို့တွေပါလာမယ်။ ကျွန်တော်တို့ဆီကနေ စားအုံးဆီအတွက် ဝယ်ယူဖို့ ငွေတွေထွက်သွားမယ့်အစား ဒီငွေတွေကို တောင်သူတွေရစေချင်တယ်ဟု ဦးဝင်းဇော်အေးကပြောသည်။

အဆိုပါစီမံကိန်းအတွက် တောင်သူအစုအဖွဲ့များဖွဲ့စည်းကာ စမ်းသပ်ကွက်မြေများ စီစဉ်ပေးမည်ဖြစ်ပြီး သက်ဆိုင်ရာ ဌာနများမှ ဒေသနှင့်ကိုက်ညီသည့် မျိုးများကို ပံ့ပိုးကူညီကာ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ယင်းအပြင် လုပ်ငန်းရှင်များနှင့် တောင်သူများ အကျိုးတူလယ်ယာစနစ်ဖြင့် ပူးပေါင်းလုပ်ကိုင်ခြင်းအပြင် ပြည် တွင်း၊ ပြည်ပမှ ငွေကြေးပံ့ပိုးပေးမှုများဖြင့် လုပ်ဆောင်သွားနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ ကျွန်တော်တို့ အများပိုင်ကုမ္ပဏီ အနေနဲ့ကျတော့ အရည်အသွေးကို စိစစ်ထိန်းချုပ်ပေးမယ်။ တောင်သူကို အ ရည်အသွေးမြင့် ထုတ်လုပ်နိုင်အောင် ဆောင်ရွက်ပေးမယ်။ နောက်ဆုံး ပဲပုပ်ကနေ ဆီအဖြစ် ကုန်ချောထုတ်ပြီး ကြားခံကုန်သည်၊ ပွဲစားအဆင့်တွေကို ကျော်ပြီး တိုက်ရိုက်ရောင်းချနိုင်တဲ့အဆင့်ဖြစ်ဖို့ လုပ်ဆောင်သွားမယ်။ ဒါမှသာ တောင်သူတွေ အစုအဖွဲ့လိုက် လုပ်တတ်သွားမယ်။ သီးနှံကိုလည်း အရည်အသွေးကောင်းအောင် ထုတ်တတ်မယ်။ ပြီးရင် ဈေးကွက်ကိုလည်း ချိတ်ဆက်တတ်သွားမယ် ဒီလိုရည်ရွယ်ထားတယ်ဟု ၎င်းကဆက်လက်ပြောသည်။

လက်ရှိတွင် အဆိုပါ စီမံကိန်းကို မြန်မာ့ပဲပုပ်စိုက် တောင်သူအများပိုင်အသင်းအနေဖြင့် သက်ဆိုင်ရာဝန်ကြီး ဌာနများသို့ တင်ပြထားပြီး ခွင့်ပြုချက်ရရှိပါက မူဝါဒရေးဆွဲကာ စတင်သွားမည်ဖြစ်ကြောင်းသိရသည်။ ကျွန်တော်တို့ တောင်သူတွေမှာ မတ်ပဲနဲ့ပတ်သက်ပြီး သေတာ၊ ပိုးသတ်ဆေးဝါးသုံးစွဲရတာတွေကြောင့် ကုန်ကျစရိတ်များသလို၊ ရိတ်သိမ်းလို့မရတဲ့ အခြေအနေတွေလည်းရှိတယ်။ ဒီလိုအဖြစ်မျိုးတွေ ကြုံနေရတာကြောင့် တောင်သူအများစုရဲ့ သဘောထားကတော့ ပုံစံပြောင်းချင်ကြတယ်။ ဒီတော့ ပဲပုပ်က ဈေးကွက်အနေအထားမဆိုးသလို၊ ပိုးမွှား ကျရောက်တာနည်းတယ်ဟု မြန်မာ့ပဲပုပ်စိုက် တောင်သူများပိုင်အသင်း၏ ပဲခူးတိုင်းတာဝန်ခံ ဦးငွေစိုးကပြောသည်။

ပဲပုပ်သီးနှံမှာ ဆီ၊ စားသောက်ကုန်၊ ပဲနို့၊ တိရိစ္ဆာန်အစာစသဖြင့် ထုတ်လုပ်နိုင်သည့်အတွက် တောင်သူများအတွက် အခွင့်အလမ်းကောင်းများရှိသည့် သီးနှံတစ်မျိုးဖြစ်သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2343209302431219?__tn__=K-R

## ၂၀၃၀ မှာ ကမ္ဘာ့စတုတ္ထမြောက် အကြီးဆုံးစီပွားရေးဇုန် အာဆီယံဖြစ်မည်

အာဆီယံဒေသဟာ ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့ စတုတ္ထမြောက် အကြီးဆုံး စီပွားရေးဇုန် ဖြစ်လာမယ်လို့ ထိုင်း ဝန်ကြီးချုပ် ပရာယွတ် ချန်အိုချာက ပြောလိုက်ပါတယ်။ လက်ရှိ အာဆီယံဥက္ကဋ္ဌဖြစ်တဲ့ ထိုင်းနိုင်ငံမှာ ဇွန်လ ၂၀ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ ကျင်းပနေတဲ့ အာဆီယံညီလာခံမှာ ပြောဆိုခဲ့တာပါ။ အခုလောလောဆယ် အာဆီယံ အဖွဲ့ဟာ ဆဌမမြောက်အကြီးဆုံး စီပွားရေးဇုန်အဖြစ်ကနေ ၂၀၃၀ ပြည့်နှစ်မှာ ကမ္ဘာ့စတုတ္ထမြောက်အကြီးဆုံး စီးပွားရေးဇုန်ဖြစ်လာမယ်လို့ဆိုပါတယ်။

အာဆီယံစီးပွားရေးလုပ်ငန်းနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညီလာခံကိုလည်း ဒီနှစ် နိုဝင်ဘာလ ၂ ရက်နေ့ကနေ ၃ ရက်နေ့အထိ ထိုင်းနိုင်ငံမှာကျင်းပမှာပါ။ ဒီနှစ်အတွက် အာဆီယံရဲ့ဆောင်ပုဒ်က ညီညွတ်ရေးနဲ့ပူးပေါင်းဆောင်ရွက်မှုတွေ အဝွန်.ရှည်ရေးဖြစ်ပါတယ်။

**Source:** https://www.facebook.com/rfaburmese/

## ပဲစင်းငုံ၊ ပဲတီစိမ်း၊ နှမ်းတို့ မှာ အရောင်းအဝယ်ဈေးနှုန်း အတက်ဘက်သို့ဦးတည်

မန္တလေးပဲမျိုးစုံဈေးကွက်အတွင်း အဓိက အရောင်းအဝယ်ပြုလုပ်နေသည့် ပဲစင်းငုံ၊ ပဲတီစိမ်း၊ နှမ်းတို့မှာ အရောင်းအဝယ်ကောင်းမွန်ခြင်းကြောင့် ဈေးနှုန်း အတက်ဘက်သို့ ဦးတည်လျက်ရှိကြောင်း မန္တလေး ပွဲစား၊ ကုန်သည်၊ စက်ပိုင် များ မဟာကထိန်တော်အသင်းကသိရသည်။ ရန်ကုန်ရှိ ဝယ်လက်များက သင်္ဘောတင်ရန် ဝယ်ယူမှုဆက်တိုက်ပြုလုပ်လာခြင်းကြောင့် သုံးတင်းဝင်တစ်အိတ်လျှင် ဇူလိုင်လဒုတိယ သီတင်းပတ်တွင် ကျပ် ၉၉၀၀၀ ရှိခဲ့ပြီး ဇူလိုင်လ ၁၈ရက်တွင် ကျပ် ၁၀၁၀၀၀ သို့ မြင့်တက်လာသည်။ လအလိုက်နှိုင်းယှဉ်လျှင် ဖွန်လကုန်တွင် အမြင့်ဆုံး ဈေးမှာ ကျပ် ၈၅၀၀၀ သာရှိခဲ့သည်။ အဝယ်လိုက်လာတာကြောင့် ဈေးကတက်လာတာပါ။ ဆက်တိုက်ဝယ်ယူဦးမယ့် အနေအထား ရှိပါတယ်။ အဲဒီအတွက် ဈေးကအနည်းငယ်ဆက်လက်မြင့်တက်နိုင်ခြေရှိပါတယ်ဟု ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

တရုတ်နိုင်ငံက ဝယ်ယူမှု တိုးမြင့်လာခြင်းနှင့်အတူ ဈေးနှုန်းပါ တိုးမြင့်ဝယ်ယူလာခြင်းကြောင့် ဇူလိုင်လ ဒုတိယ သီတင်းပတ်တွင်ပဲတီစိမ်း(ကြီး) သုံးတင်း ဝင်တစ်အိတ်လျှင် ကျပ် ၁၀၂၀၀၀ မှ ဇူလိုင်လ ၁၈ ရက်တွင် ကျပ် ၁၀၅၀၀၀ သို့ မြင့်တက်လာသည်။ တရုတ်လိုင်းက ကောင်းနေတာကြောင့် ဈေးကလည်း တဖြည်းဖြည်းတက်လာတာပါ။ ပစ္စည်းလည်းရှိတယ်၊ အဝယ်လည်းရှိတာကြောင့် ဈေးကသိသိသာသာတော့ မတက်နိုင်တော့ဘူးလို့ထင်တယ်ဟု ကုန်သည် ဦးသန့်ဇင်မောင်ကပြောသည်။ ပြည်တွင်း ဝယ်ယူမှု ပုံမှန်ရှိနေခြင်းကြောင့် အဝယ်အရောင်းမျှတနေသဖြင့် ဈေးနှုန်း သိသိသာသာပြောင်းလဲမှုမရှိဘဲ တန့်နေသည်။ ကုလားပဲ(ဗွီတူး) ကျပ် ၈၂၀၀၀၊ ကုလားပဲ(နိုင်းတူးနိုင်း) ကျပ် ၈၂၀၀၀၊ ကုလားပဲ(ထိုင်ဝမ်) ကျပ် ၈၀၅၀၀၊ ကုလားပဲ (ဗွီဆယ်ဗင်း)ကျပ် ၇၉၀၀၀ ရှိသည်။

ရန်ကုန် ဝယ်လက်များနှင့် တရုတ် ဝယ်လက်များက ဝယ်ယူမှု က်တိုက်ပြုလုပ်နေဆဲဖြစ်သောကြောင့် သုံးတင်းဝင် တစ်အိတ်လျှင်ဇူလိုင်လ ၁၂ ရက်နေ့တွင် နှမ်းဖြူ ကျပ် ၁၆၈၀၀၀ မှ ဇူလိုင်လ ၁၈ ရက် နေ့တွင် ကျပ် ၁၇၀၀၀၀၊ နှမ်းနက်(စမုန်) ကျပ် ၂၆၈၀၀၀ မှကျပ် ၂၈၀၀၀၀၊ နှမ်းညို ၁၅၃၀၀၀ မှ ကျပ် ၁၅၈၀၀၀ သို့မြင့်တက်လာသည်။ ဝယ်လက်တွေက ကောင်းနေတဲ့အတွက် ဈေးကတော့ ဆက်လက်မြင့်တက်နေတာဖြစ်ပါတယ်။ ပစ္စည်းကလည်း မပေါ်ဘူး။ အဝယ်ကလည်းကောင်းနေတော့ အခုလိုမျိုးဈေးတွေ တက်လာတာဖြစ်ပါတယ်။ ဒီရက်ပိုင်းအတွင်း ဈေးကျဖို့ မရှိနိုင်ပါဘူးဟု နှမ်းကုန်သည် ဦးမင်းအောင်ကပြောသည်။

**Source:** www.thefarmermedia.com

## မြန်မာ-ဗီယက်နမ်  အပြန်အလှန် ကုန်သွယ်မှုပမာဏတိုးလာ




မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ အပြန်အလှန်တင်ပို့တဲ့ ကုန်သွယ်မှုပမာဏဟာ ၂၀၁၇/ ၂၀၁၈ ခုနှစ် ဘဏ္ဍာနှစ်မှာ သန်း ၇၀၀ ကျော်အထိ တိုးတက်လာခဲ့ တယ်လို့ ဇူလိုင်လ ၁၈ ရက်နေ့က ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ တပ်မတော် ခန်းမမှာ ပြုလုပ်တဲ့ ဗီယက်နမ်ကုန်စည်ပြပွဲမှာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ် ပြောကြားချက်အရသိရပါတယ်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က နှစ်နိုင်ငံ စီးပွားရေးနဲ့ တပ်မတော်ပိုင်းဆိုင် ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍစုံ ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်၊ ဆက်သွယ်ရေးပိုင်းဆိုင်ရာ အပြန်အလှန်သွားရောက်ခဲ့တဲ့ ခရီးစဉ်တွေရှိခဲ့သလို စီးပွားရေးဆိုင်ရာမှာလဲ ပူးပေါင်း ဆောင်ရွက်မှုတွေ ရှိခဲ့ပါတယ်၊ ၂၀၁၈ ခုနှစ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံကိုလာရောက်ပြီး ကုန်စည်ပြပွဲ တစ်ပွဲ ကျင်းပပြုလုပ်နိုင်ခဲ့သလို မြန်မာနိုင်ငံကလဲ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံကို သွားရောက် ပြီး ကုန်စည်ပြပွဲတစ်ပွဲကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်လို့ ပြောပါတယ်။

နှစ်နိုင်ငံ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ

သန်း ၂၈၀ ကျော်သာရှိခဲ့ပြီး နှစ်စဉ်တိုး တက်ခဲ့ကာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာသန်း ၇၀၀ ကျော်အထိ တိုး မြှင့်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံကို အဓိကတင်ပို့ကုန်မှာ သတ္တုရိုင်းများက အမေရိကန်ဒေါ်လာ ၆၁ သန်းကျော်ဖြစ်ပြီး ဗီယက်နမ်မှ မြန်မာနိုင်ငံကို အဓိကတင်ပို့ ကုန်မှာ မော်တော်ဆိုင်ကယ်များ၊ သံနဲ့သံမဏိပစ္စည်းများက အမေရိကန်ဒေါ်လာ ၅၅ သန်းကျော်ဖြစ်တယ်လို့လည်း သိရပါတယ်။ ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၁၉ ဟာ ဗီယက်နမ်အမျိုးသား ကုန်သွယ်ရေးမြှင့်တင်ရေး အစီအစဉ်ရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။

အဆိုပါပြပွဲကို ဗီယက်နမ်နဲ့မြန်မာနိုင်ငံမှ ပါဝင်ပြသသူ ၇၀ ကျော်ပူးပေါင်းပါဝင်ပြီး အထည်အလိပ် သားရေနဲ့ ဖိနပ်တွေ၊ လယ်ယာနဲ့သစ်တောထွက်ပစ္စည်းတွေ၊လက်မှုပစ္စည်းတွေ၊ အစားအစာတွေ၊ အီလက်ထရွန်းနစ်ပစ္စည်းတွေ၊ စက်ပစ္စည်းတွေ၊ ဓာတုဗေဒပစ္စည်းတွေ၊ ဆောက်လုပ်ရေးပစ္စည်းတွေ၊ ဆေးဝါးပစ္စည်းတွေစတဲ့ အဆင့်မြင့်ပြခန်းပေါင်း ၁၁၀ ခန်း ပြသခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ကုန်စည်ပြပွဲ ၂၀၁၉ (မြန်မာ) အခမ်းအနားကို ရန်ကုန်မြို့၊ တပ်မတော်ခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်နဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဦးဟန်ထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်တို့ တက်ရောက်ခဲ့ပြီး ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနဲ့ ဗီယက်နမ်တပ်မတော်အရာရှိကြီးတွေ တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။

**Source:** https://www.kumudranews.com/news-

## အစပျိုးစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကိုရီးယားနှင့် မြန်မာ MoU ရေးထိုးမည်

အစပျိုးစီးပွားရေးလုပ် ငန်း (Start-Up) လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ကိုရီးယားနှင့် အစိုးရ နားလည်မှုစာချွန်လွှာ (MoU) ရေးထိုးမည်ဟု စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။ နားလည်မှုစာချွန်လွှာတွင် အစပျိုး စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေးနှင့် ယင်းလုပ်ငန်းများအတွက် ထောက်ပံ့ငွေများရှိလာမည့် အစီအစဉ်ပါဝင်သည်။ လက်ရှိတွင် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အမျိုးသားအဆင့် မဟာဗျူဟာမူကြမ်းရေးဆွဲနေပြီး ရေတို၊ ရေလတ်နှင့် ရေရှည်စီမံကိန်းအလိုက် မဟာဗျူဟာများချမှတ်ခြင်း၊ အထောက်အပံ့ပေးမည့်ဒေသများ ရွေးချယ်ခြင်း ပြုလုပ်နေကြောင်း ထုတ်ပြန်ထားသည်။ ရေရှည်၊ ရေလတ်၊ ရေတိုလုပ်ငန်းစဉ်တွေပါတယ်။ အဲဒီအပေါ်မှာ မူတည်ပြီးတော့ ကျွန်မတို့ဘယ်ဟာကို ဦးစားပေးမလဲ ဆွေးနွေးပါတယ်။ ပါဝင်မယ့်အချက်တွေကို နောက်ဆုံး ဆွေးနွေးပွဲလုပ်ပြီး အတည်ပြုမယ်ဟု ဒေါ်အေးအေးဝင်းကပြောသည်။

မြန်မာနိုင်ငံအတွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းအများစုသည် အစိုးရ၏အထောက်အပံ့ရရှိမှု များစွာနည်းပါးနေပြီး မကြာသေးမီက အစိုးရထုတ်ပြန်ချက်အရ လုပ်ငန်းအရေအတွက် ၇၃,၀၈၅ ခုရှိသည့် အနက် လုပ်ငန်းရှင် ၂၂၀၇ ဦးကို သာ ချေးငွေထုတ်ချေးနိုင်ခဲ့သည်။ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ချေးငွေ များ ထုတ်ယူခြင်းလုပ်ငန်းစဉ်ကို ဖြေလျှော့ရန် အစိုးရက ဇွန်လ ၂၁ ရက်တွင် အစည်းအဝေးပြုလုပ်ခဲ့သည်။

**Source:** http://www.7daydaily.com/story/161776

## တရုတ်နိုင်ငံကို နာနတ်သီးတင်သွင်းဖို့ နှစ်နိုင်ငံတာဝန်ရှိသူတွေ ဖြေရှင်းပေးစေလို



နာနတ်သီးကို တရုတ်နိုင်ငံဘက်က ပိတ်ဆို့ခဲ့တဲ့အတွက် ရှမ်းပြည်နယ်မြောက်ပိုင်းက နာနတ်စိုက်တောင်သူတွေ အခက်အခဲ ဖြစ်နေတာကြောင့် နှစ်နိုင်ငံ တာဝန်ရှိသူတွေ ညှိနှိုင်းဖြေရှင်း ပေးစေချင်တယ်လို့ တောင်သူတွေ က ဆိုပါတယ်။ သီပေါမြို့နယ် နာနတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းရဲ့ အတွင်းရေးမှူး ဦးစိုင်းကျော်ညွန့်က ဒီနှစ်ထဲမှာ သီးနှံရှစ်မျိုးပေါ့၊ နာနတ်သီးအပါအဝင် တရုတ်၊ စီးပွားကူးသန်းနဲ့တော့ ကျွန်တော်တို့ ချိတ်ဆက်ထားတယ်၊ တရားဝင် တင်ပို့နိုင်ဖို့လုပ်ထားတယ်လို့တော ပြောပါတယ်၊ဒါပေမဲ့ အဲဒါတွေတရားဝင်ကျလာမှ ကျွန်တော်တို့ ရောင်းဝယ် ဖောက်ကားနိုင်မယ်ဆိုရင် ကျွန်တော်တို့ ရာသီတွေလဲ မမီတော့ဘူး၊ ဆုံးရှုံးမှုတွေက များသွားမယ်လို့ပြောပါတယ်။

နာနတ်သီးရာသီချိန် ကုန်ဆုံးဖို့ တစ်လလောက်သာကျန်တော့တာကြောင့် သည့်တစ်လအတွင်းမှာ တင်သွင်း ရောင်းချခွင့် မရတော့ရင် နာနတ်စိုက်တောင်သူရဲ့ ဆုံးရှုံးမှုဟာ အလွန်များပြားမယ်လို့ တောင်သူတွေက ဆိုပါတယ်။ နာနတ်သီးတောင်သူတွေတောင်းဆိုချင်တာက တကယ်လို့ နိုင်ငံတော်အဆင့် အရောင်းအဝယ် တရားဝင်မဖြစ်တောင်မှ ဥပမာ ယူနန်ပြည်နယ် အစိုးရနဲ့ ရှမ်းမြောက်ပြည်နယ်အစိုးရ နားလည်မှုယူပြီး ယူနန်ပြည်နယ်ထဲမှာပဲ ရောင်းခွင့်ပြုမယ်ဆိုရင်တောင် တော်တော်လေး အကျိုးရှိမယ်လို့ ဆိုပါတယ်။ နာနတ်တောင်သူ ဒေါ်တင်တင်လှက ကျွန်မစိုက်ထားတဲ့စရိတ်က သိန်း ၂၀၀ ကျော်၊ ၃၀၀ နီးပါးလောက်တော့ရှိတယ်ရှင့်၊ အခုမရောင်းရတဲ့ပုံစံမျိုးဆိုရင်တော့ တစ်ဝက်လောက်တော့ရှုံးမှာ၊ ကျွန်မတို့ ကိုယ်ပိုင်ခြံတောင် အဲဒီလောက်ရှုံးတယ်ဆိုရင် ပွဲစားတွက လုပ်စားလို့မရတော့ဘူး၊ တောင်သူသမားတွေက တအားဒုက္ခရောက်ပြီလို့ ပြောပါတယ်။ အဓိကတင်ပို့တဲ့လမ်း ကြောင်းကတော့ ကျင်စန်းကျော့ဂိတ်လမ်းကြောင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၁၅ ရက်နေ့ကစပြီး တရုတ်နိုင် ငံဘက်က ပိတ်ပင်လိုက်တာလို့ သိရပါတယ်။

ဒီနှစ် ဇန်နဝါရီလပိုင်းကလည်း မြန်မာနိုင်ငံဘက်က ဖရဲတင်ပို့တာကို တရုတ်နိုင်ငံဘက်က ပိတ်ဆို့ခဲ့တဲ့အတွက် ဖရဲစိုက်တောင်သူတွေ အခက်အခဲဖြစ်ခဲ့ရတယ်လို့ သိရပါတယ်။ သီပေါ၊ လားရှိုးနဲ့ တန့်ယန်းမြို့နယ်တွေမှာ နာနတ်နဲ့ ပြောင်းသီးနှံတွေ အဓိကစိုက်ပျိုးကြတယ်။ တရုတ်နိုင်ငံနယ်စပ်ကနေ လွန်ခဲ့တဲ့ ၁၀ နှစ် လောက်ကစတင်ပြီး တစ်နှစ်ကို ခန့်မှန်းတန်ချိန် ၃၀၀၀၀ ခန့်အထိ တင်ပို့ရောင်းချနေကြတယ်လို့ သိရပါတယ်။ ဒီမြို့နယ်သုံးခုမှာ နာနတ်စိုက်ဧက ၆၀၀၀ ခန့်ရှိပြီး တရုတ်နိုင်ငံဘက်ကို နားလည်မှုနဲ့နယ်စပ် ဖြတ်ကျော် ရောင်းချခဲ့ကြပါတယ်။ အခုအချိန်မှာ နှစ်နိုင်ငံ MoU ရေးထိုး သဘောတူရောင်းချခွင့်ပြုလိုက်တဲ့ သီးနှံရှစ်မျိုးထဲမှာ နာနတ်မပါဝင်သေးဘူးလို့ နာနတ်တောင်သူတွေဆီက သိရပါတယ်။

**Source:**https://www.kumudranews.com/news-34418

## တရုတ်က ချင်းပြည်နယ်ထွက် ဂျုံခြောက် တန်ချိန် ၅၀၀ ကျော် နှစ်စဉ်ဝယ်ယူမည်

ချင်းပြည်နယ်ထွက် ဂျုံကို တရုတ်သို့ နှစ်စဉ် တန်ချိန် ၅၀၀ ကျော် တင်ပို့ရေးဆိုင်ရာ စာချုပ်ချုပ်ဆိုထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ ချင်းတောင်ရတနာ ကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီ Sichuan Newstar Konijiac Co., Ltd တို့အကြား ဂျုံ နည်းပညာ၊ အရည်အသွေး မြှင့်တင်မှုနှင့် ဂျုံခြောက် ရောင်းဝယ်ရေးအတွက် နားလည်မှု သဘောတူ စာချုပ်ချုပ်ဆိုထားခြင်း ဖြစ်သည်။ တရုတ်က မြန်မာ့ဂျုံကို စားသောက်ကုန် ထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းပြုလုပ်ခြင်း၊အလှကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆေးဝါးထုတ်လုပ်ခြင်း၊ ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစားအစာအဖြစ် တွင်ကျယ်စွာအသုံးပြုရန်ဖြစ်ကြောင်းသိရသည်။ ဂျုံကို ဂျပန်နဲ့တရုတ်က ကြိုက်နှစ်သက်တယ်။ ဂျပန်ကအရည်အသွေးကောင်းရင်ကောင်းသလို တရုတ်ထက် ဈေးပေးဝယ်တယ်။ ဒီမှာ ဂျုံကို မိရိုးဖလာနည်းအတိုင်း သိုလှောင်အခြောက်ခံကြတာဆိုတော့ သူတို့လိုချင်တဲ့ အရည်အသွေးအတိုင်း မပြည့်မီတာလည်းရှိကြတယ်။ ဒါကြောင့် လိုချင်သလောက် မဝယ်နိုင်ကြသေးဘူး။ ဒါကြောင့် ဂျုံအခြောက်ခံစက်ရုံတွေ လိုအပ်လာတယ်။ အခုလောလောဆယ်တော့ မင်းတပ်ဘက်မှာ ဂျုံအခြောက်ခံ စက်ရုံတည်ဆောက်နေတယ်ကြားတယ်။ ချင်းပြည်နယ်အတွက်ဆိုရင်တော့ ချင်းတောင်ပိုင်း၊ မြောက်ပိုင်းမှာ အခြောက်ခံစက်ရုံ သုံးလေးရုံလောက်ရှိရင်လုံလောက်နိုင်တယ်ဟု ချင်းပြည်နယ်ရှိ ဂျုံကုန်သည် ဦးဆလိုင်းမာန်ကပြောသည်။

အဆိုပါ စက်ရုံကို လာမည့်အောက်တိုဘာမှ မတ်လအထိ ခြောက်လကြာ လည်ပတ်နိုင်မည်ဖြစ်ပြီး ဂျုံတန်ချိန် ၅၀၀ ကျော်အခြောက်ခံနိုင်မည် ဖြစ်သည်။ ထို့အတူ ဂျုံအခြောက်ခံစက်များကို မတူပီမြို့နယ်တွင် တစ်လုံး၊ ကန်ပက်လက်မြို့နယ်တွင် ဂျာမနီနှင့် တရုတ်နိုင်ငံထုတ်အခြောက်ခံစက်နှစ်လုံးတို့ကို အသီးသီးတည်ဆောက်လျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှသိရသည်။ ထို့ကြောင့် လက်ရှိဈေးကွက်အတွင်း ဂျုံကို ပြည်ပကဝယ်လိုအားရှိနေသည့်အတွက် ပြည်တွင်း၌ နည်းပညာမြင့်မားစွာဖြင့် တိုးမြှင့်ထုတ်လုပ်ရန် လုပ်ဆောင်နေပြီဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်ကပြောသည်။ ဂျုံဟာ ဈေးကွက်အလားလာ ရှိတဲ့ကုန်ဖြစ်လာတယ်။ ဒါကြောင့် ဈေးကွက်ရာရမှာဖြစ်တယ်ဟုၚင်းကပြောသည်။ လက်ရှိဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်နေသော ဂျုံအမျိုးအစားမှာသုံးမျိုးရှိပြီး အနီ၊ အဝါနှင့် အဖြူရောင်တို့ဖြစ်ကာ အနီရောင်မှာ ပထမတန်းစား၊ အဝါရောင်မှာ ဒုတိယတန်းစားနှင့် အဖြူရောင်မှာ တတိယတန်းစား ဖြစ်သည်။

ထိုအပေါ်မူတည်၍ ပဲဥအစိုတစ် ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ နှင့် ပဲဥအခြောက် တစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၂၀၀၀ ရရှိကြောင်း သိရသည်။

ပဲဥတစ်ဧက စိုက်ပျိုးလျှင် ကျပ်သုံးသိန်းမှ ကျပ်ငါးသိန်းအထိ ကုန်ကျပြီး ပဲဥ (အစို) ပိဿာ ၃၀၀၀ မှ ၅၀၀၀ ထိ ထွက်ရှိကြောင်း၊ ထို့ကြောင့် တောင်သူ တစ်ဦးလျှင် တစ်ဧက တစ်နှစ်ဝင်ငွေ ကျပ် ၁၅ သိန်းနှင့် အထက် ရရှိနေသည်။ မြန်မာနိုင်ငံတွင် ပဲဥကို ချင်းပြည်နယ်တွင် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး စုစုပေါင်း ဧက ၈၈၀၀ ကျော် အနက်မင်းတပ်မြို့နယ်တွင် ဧက ၃၁၉၀၊ မတူပီမြို့နယ်တွင် ၁၇၂၁ ဧက၊ ရေဇွာမြို့နယ်တွင် ၁၁၉၁ ဧက၊ တီးတိန်မြို့နယ်တွင် ၇၁၁ ဧက စိုက်ပျိုးလျက် ရှိသည်။

ထို့ပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ဧက ၁၃၀၀၀ ကျော် စိုက်ပျိုးလျက်ရှိသည်။ ချင်းပြည်နယ်ထွက် ပဲဥသည်အခြားဒေသထွက် ပဲဥများထက် အရည်အသွေး၊ အရသာ ပိုမိုကောင်းမွန် သောကြောင့် အိန္ဒိယ၊ တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဂျပန်နိုင်ငံတို့က နှစ်စဉ် ဝယ်ယူလျက်ရှိကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။ပြည်ပသို့ တင်ပို့ရာတွင် ပြည်တွင်း၌ ကုမ္ပဏီ လေးငါးခုခန့်က တောင်သူများကို နည်းပညာပံ့ပိုးပေးပြီး တစ်ဆင့်ဝယ်ယူကာ ဂျပန်နှင့်တရုတ်နိုင်ငံသို့ ကုန်ကြမ်းအဖြစ် တင်ပို့လျက်ရှိကြောင်း သိရသည်။ ပဲဥကို ဘဏ္ဍာနှစ်အလိုက် ပြည်ပတင်ပို့မှုမှာ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၂၀၀ ကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော်၊ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၃၀၀ ကျော်၊ အမေရိကန်ဒေါ်လာသုံးသန်းခန့်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်၂၀၀၀ ခန့်၊ အမေရိကန်ဒေါ်လာ သုံးသန်းခန့်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။

**Source:** https://www.facebook.com/search/top/?q=the%20farmer%20media&epa=SEARCH_BOX

**The Farmer Journal**

## တနင်္သာရီတိုင်းအတွင်း ကွမ်းသီးမှိုများ ဝယ်လိုအားကောင်းလာ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ကွမ်းသီးအခွံမှရရှိသော ကွမ်းသီးမှိုများ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ဒေသခံ ကွမ်းသီးစိုက်ပျိုးရောင်းချသူများ ဝင်ငွေကောင်းလာလျက်ရှိကြောင်းသိရသည် ။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဒေသခံများအနေဖြင့် အသက်မွေးဝမ်းကျောင်းအဖြစ် ကွမ်းပင်စိုက်ပျိုးခြင်းကို အဓိကစိုက်ပျိုးလုပ်ကိုင်ကြပြီး ကွမ်းသီးရာသီပြီးဆုံးသွားသည့်အချိန်တွင် ကွမ်းသီးအခွံမှ ကွမ်းသီးမှိုရရှိအောင် ထပ်မံပြင်ဆင်လုပ်ကိုင်ကြကြောင်းသိရသည်။ ကွမ်းသီးမှိုရရှိရန် စွန့်ပစ်ထားသော ကွမ်းသီးအခွံများကို အရိပ်ရသောနေရာများတွင်စုပုံထားပြီး ရေလောင်းပေးခြင်း၊ မိုးရေခံခြင်းများ ပြုလုပ်ရခြင်းဖြစ်သည်။

ကွမ်းသီးအခွံက ကျွန်တော်တို့ ကွမ်းသီးအဆန်ထုတ်ပြီးသွားတဲ့အချိန်မှာ အခွံတွေကျန်ခဲ့တာကို နေရာသတ်သတ်နဲ့ ထားပြီးတော့ ကျွန်တော်တို့ရေလောင်းပေးတယ်။ မိုးရွာတဲ့နေ့ မနက်ပိုင်း၊ နှင်းကျတဲ့နေ့တွေဆိုရင်တော့ ကျွန်တော်တို့ သက်သက်ကြီး ရေလောင်းစရာမလိုဘူး။ စိုစွတ်ပြီးနေရင် မှိုက အထွက်နှုန်းပိုများတယ်။ အရင်ကဆို မရောင်းဘူး။ စားဖို့အတွက် အနည်းအကျဉ်းပဲလုပ်တာများတယ်။ ဒီနှစ်တွေမှာတော့ စီးပွားဖြစ်ပါ လုပ်တာပေါ့နော်။ ဝယ်လိုအားများလာတော့ ကျွန်တော်တို့ ပင်ပန်းရကျိုးနပ်တာပေါ့ဟု ကွမ်းသီးခြံပိုင်ရှင် ဦးရေခဲကပြောသည်။ လက်ရှိတွင် ကွမ်းသီးမှိုနို့ဆီဘူးတစ်ဘူးကို ကျပ် ၅၀၀ ခန်ဖြင့် ဈေးကောင်းရရှိကြောင်းသိရသည်။

အရင်က ကွမ်းသီးမှိုကရှားတယ်။ ကျွန်မတို့ မြို့ပေါ်နေသူတွေအတွက်ဆိုရင် တစ်ခါတလေ လက်ဆောင်ပေးလို့ စားရတာမျိုးလည်းရှိတယ်ပေါ့။ ဈေးထဲမှာလည်း ရောင်းတာသိပ်မတွေ့ရဘူး။ ဒီနှစ်ကျတော့ ရောင်းသူ၊ ဝယ်ယူတွေ များလာတယ်ပေါ့နော်။ အဲဒီကွမ်းသီးမှိုက စားလို့အရမ်းကောင်းတယ်။ သူ့ရဲ့အရသာကချိုတာ သဘာဝအရသာပေါ့၊ ကျန်တဲ့ မှိုတွေနဲ့ကို မတူဘူး။ ကျွန်မတို့ဒေသမှာကတော့ အဲဒီမှိုကို လူတိုင်းနီးပါးကြိုက်ကြတယ်ဟု ထားဝယ်မြို့ဒေသခံ ကွမ်းသီးမှိုစားသုံးသူ ဒေါ်ကျင်သန်းကပြောသည်။

**Source: the farmer Journal**

## GAP ဖြင့် စိုက်ပျိုးထားသည့်နှမ်းများ ဈေးကွက်ရရှိရေး ပြည်ပဝယ်လက်များဖြင့် ချိတ်ဆက်ပေးမည်




GAP ဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက် တောင်သူများအား မှန်ကန်သည့် အခြင်အတွယ်နှင့် ကောင်းမွန်သည့် ဈေးနှုန်းရရှိရေးအတွက် Win Rock Internaltional အဖွဲ့က ပြည်ပဝယ်လက်များဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံတို့နှင့် ချိတ်ဆက်ပေးသွား မည်ဖြစ်ကြောင်း အဆိုပါ အဖွဲ့ထံမှ သိရသည်။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်အတွင်းရှိ GAP ဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက်တောင်သူများ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဝယ်ဒိုင်ဖွင့်လှစ်သွားရန် အဆိုပါမြို့နယ်ရှိ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး လုပ်သားများအဖွဲ့က စီစဉ်ဆောင်ရွက်နေကြောင်း WinRock International အဖွဲ့မှ ဦးအောင်မင်းထွန်းက ပြောသည်။ ပုံမှန် စိုက်ပျိုးတောင်သူတွေ ပွဲရုံတွေမှာ သွားရောင်းမယ်ဆိုရင်ကြားပွဲစားတွေက တစ်တင်းကို ပုံမှန်ယူတာက ကျပ် ၅၀၀ နှုန်းထားလောက်ကျတယ်။ သယ်ယူလာတဲ့ ကားသမားကိုလည်းပွဲရုံတွေက သူတို့ပွဲရုံကို လာရောင်းချင်အောင် သယ်ယူခ အပြင် အပိုဆောင်းပေးတာရှိတယ်။ အဲဒီ အပိုဆောင်းပေးတာက သူတို့အိတ်ထဲက စိုက်ပေးတာ မဟုတ်ဘူး။ တောင်သူတွေဆီကပဲနှိမ်ပြီး ဖြတ်ထားတော့ တကယ်စိုက်ပျိုးခဲ့ရတဲ့ တောင်သူတွေမှာ နစ်နာတာတွေရှိတယ်ဟု ဦးအောင်မင်းထွန်းက ပြောသည်။ ထိုကဲ့သို့ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်ဖြင့် အဝယ်ဒိုင် ဖွင့်ရောင်းချနိုင်ရေးအတွက် Win Rock International အဖွဲ့က ဝယ်လက်များနှင့် ချိတ်ဆက်ပေးရန် ၎င်းတို့အဖွဲ့နှင့် မကွေးနှမ်းစိုက်တောင်သူများအသင်းတို့အား ဇူလိုင်လ ၂၅ ရက်တွင် ဝယ်ယူ ရောင်းချသွားမည့် ပုံစံများကို အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၁၉ ခုနှစ်တွင် ရေနံချောင်းမြို့နယ် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေး လုပ်သားများအဖွဲ့က GAP ဖြင့် နှမ်းစိုက်ဧက ၅၀၀ကျော် စိုက်ပျိုးထားသည်။ ရေနံချောင်း မြို့နယ်တွင်ရှိသည့် အခြားနှမ်းစိုက် မိတ်ဖက်အဖွဲ့တို့၏ GAP ဖြင့် စိုက်ပျိုးထားသည့် နှမ်းစိုက် ဧကနှင့်ပေါင်းလျှင် ဧက ၂၀၀၀ ကျော် စိုက်ပျိုးထားကြောင်း သိရသည်။ GAP ဖြင့် နှမ်းစိုက် တောင်သူများ ပိုမိုစိုက်ပျိုးလာကြသည်။ GAP နည်းဖြင့် စိုက်ပျိုးခြင်းကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် NGO အဖွဲ့အစည်းများကလည်း ကူညီထောက်ပံ့ပေးခြင်း၊ပြည်ပဝယ်လက်များနှင့် ချိတ်ဆက်ရောင်းချပေးခြင်းများ ဆောင်ရွက်ပေးနေသဖြင့် တောင်သူများ အကျိုးအမြတ် ပိုရရှိနိုင်မည်ဖြစ်ကြောင်း နှမ်းစိုက်တောင်သူများက ခန့်မှန်းထားသည်။ မနှစ်ကဆိုရင် ပြင်ပမှာရောင်းရတဲ့ဈေးထက် တစ်တင်းကို တစ်သောင်းနီးပါးလောက် ပိုရခဲ့တယ်ဟု မကွေးမြို့နယ်၊ သစ်ရာကောက်ကျေးရွာမှ NGO ဖြင့် နှမ်းစိုက်ပျိုးသည့် တောင်သူတစ်ဦးကပြောသည်။

NGO ဖြင့် နှမ်းစိုက်ပျိုးခြင်းကို ၂၀၁၇ ခုနှစ်မှ စတင်ကာ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ထိုနှစ်တွင် ဧက ၃၀၀၊ ၂၀၁၈ ခုနှစ်တွင် ဧက ၂၂၀၀ နှင့် ၂၀၁၉ ခုနှစ်တွင် ဧက ၅၀၀၀ ထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဧရိယာအတွင်း မပါဝင်ဘဲ အခြားနေရာများတွင် စိုက်ပျိုးလိုသူများအတွက်လည်း နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီပေး၍ ဆောင်ရွက်ပေးနေကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနထံမှသိရသည်။

**Source:** https://www.facebook.com/thefarmermedia/?epa=SEARCH_BOX

## သီးနှံအာမခံအမျိုးအစား စမ်းသပ်စီမံကိန်းအနေနဲ့ တိုင်းဒေသကြီး ၄ ခုမှာ ၄ နှစ်ကြာ ပြုလုပ်သွားမည်



ပြည်တွင်းအာမခံကုမ္ပဏီတစ်ခုဖြစ်တဲ့ Global World Insurance ကုမ္ပဏီ စပါးသီးနှံအာမခံကို တိုင်းဒေသကြီး ၄ ခုမှာ သီးနှံအာမခံအမျိုးအစား စမ်းသပ်စီမံကိန်းအနေနဲ့ ၄ နှစ်ကြာ ပြုလုပ်သွားမှာဖြစ်တယ်လို့ Global World Insurance ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးစိုးဝင်းသန့်ကပြောပါတယ်။

အဆိုပါစမ်းသပ်စီမံကိန်းကိုတော့ လာမယ့်မိုးရာသီမှာ စတင်လုပ်ဆောင်သွားမှာဖြစ်ပြီး ပထမစမ်းသပ်စီမံကိန်းနဲ့ ဒုတိယစမ်းသပ်စီမံကိန်းဆိုပြီး ခွဲထားတာကြောင့် စီမံကိန်းတစ်ခုစီအတွက် အချိန်ကာလ ၂ နှစ်စီ သတ်မှတ် ထားတာဖြစ်ကြောင်း သိရပါတယ်။ ဒီ ၄ နှစ်တာ စီမံကိန်းကိုတော့ ရန်ကုန်၊ ဧရာဝတီ၊ မကွေးနဲ့ မန္တလေးတိုင်းတို့မှာ ပြုလုပ်မှာဖြစ်ပြီး Global World Insurance ကုမ္ပဏီက စမ်းသပ်လုပ်ကိုင်မယ့် သီးနှံအာမခံက သီးနှံအထွက်နှုန်း အပေါ်မူတည်ပြီး အာမခံပေးသွားမယ့်စနစ် ဖြစ်တယ်လို့ ၎င်းကပြောပါတယ်။

သီးနှံအာမခံကို စမ်းသပ်လုပ်ကိုင်ဖို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ ဝန်ကြီး ဌာနက ခွင့်ပြုပေးလိုက်တာဖြစ်ပါတယ်။ သီးနှံအာမခံ စလုပ်ကိုင်ခွင့်ရမယ်လို့တော့ မဟုတ်ပါဘူး။ သုတေသနပြု စမ်းသပ်လုပ်ကိုင်သွားမှာဖြစ်ပါတယ်။ စမ်းသပ်ကာလပြီးတဲ့အခါမှာ အောင်မြင်မှုအခြေအနေတွေကို အစိုးရကကြည့်ပြီး လုပ်ကိုင်ခွင့်ပြန်လည်ချပေးသွားမှာပါလို့ ၄င်းကပြောပါတယ်။ သီးနှံအာမခံက အခြားသောအာမခံတွေထက် ရှုပ်ထွေးပြီးဆုံးရှုံးနိုင်ချေလည်း ၂းတာကြောင့် အာမခံကုမ္ပဏီအများစုက လုပ်ကိုင်ဖို့ စိတ်ဝင်စားမှုနည်းပါးနေပြီး Global World Insurance ကုမ္ပဏီအနေနဲ့ လုပ်ကိုင်ဖို့ ကြိုးစားရခြင်းက စီးပွားရေးတွက်ခြေကိုက်မှုထက် တောင်သူလယ်သမားတွေရဲ့အကျိုးကို ဆောင်ရွက်လိုတာကြောင့် လုပ်ကိုင်ရခြင်းဖြစ်တယ်လို့ ၄င်းက ရှင်းပြပါတယ်။

စမ်းသပ်ကာလအတွင်း ရင်းနှီးမြှုပ်နှံမှုက ကျွန်တော်တို့ကုမ္ပဏီကပဲ အကုန်အကျခံရမှာပါ။ နိုင်ငံတော်ကဝင်ပြီး ကူညီပံ့ပိုးရင်တော့ အောင်မြင်နိုင်မှုအခြေအနေက ပိုမြန်ဆန်မှာပေ့ါ။ ကျွန်တော်တို့ တစ်အားတည်း သွားတာထက် စာရင်တော့ ပိုကောင်းတယ်။ ဒီလိုစမ်းသပ်ကာလအတွင်းမှာ ကုမ္ပဏီအနေနဲ့ အရှုံးပေါ်သွားနိုင်ချေလည်းရှိတော့ နိုင်ငံတော်ထောက်ပံ့မှုကလိုအပ်ပါတယ်လို့ ၄င်းကပြောပါတယ်။ နိုင်ငံတော်ပိုင် အာမခံလုပ်ငန်းက အာမခံအမျိုးအစားပေါင်း ၂၇ မျိုးကို လုပ်ကိုင်လျက်ရှိသော်လည်း ပုဂ္ဂလိကပိုင် အာမခံကုမ္ပဏီတွေအနေနဲ့ အာမခံ ၁၁ မျိုးကိုသာ လုပ်ကိုင်ခွင့်ရထားတာဖြစ်ပါတယ်။

**Source: Myanmar Business Today**

## မြန်မာတွင် တရုတ်ရင်းနှီးမြှုပ်နှံမှု ၂ ဆ တက်လာ

မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြန်လည်နာလန်ထူလာသည့် လက္ခဏာတရပ်အနေဖြင့် တရုတ်နှင့် စင်ကာပူတို့မှ ရင်းနှီးမြှုပ်နှံရေးစီးဆင်းမှု ၂ ဆကျော် တက်လာခဲ့ကြောင်း ဂျပန်စီးပွားရေးသတင်းဌာန Nikkei Asian Review က ရေးထားသည်။ ဇွန်လအကုန် ၆ လပတ်အထိ ခွင့်ပြုချက်ရရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၇၉ ရာခိုင်နှုန်းအထိ တက်လာခဲ့ပြီး တန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ကိုးကားသည်။

တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်တို့မှ ငွေစာရင်းများ ၆ လတာကာလအတွင်း အသစ်ခွင့်ပြုမှုပေါင်း ၁၃၄ ခုအနက် ၈၄ ခုဖြစ်သဖြင့် တိုးတက်မှုနှုန်း ၁၄၀ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံရှိ တရုတ်နှင့်ဟောင်ကောင်ရင်းနှီးမြှုပ်နှံမှုမှာ ၁၅၀ ရာခိုင်နှုန်းတိုးလာပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၅၉၀ သန်းဖြစ်သည်။ ယင်းသို့ ပြန်တက်လာမှုသည် ၂၀၁၉ ခုနှစ် တလျှောက်လုံး နောက်ဆုံးတက်လာမှုဖြစ်နိုင်ခြေရှိပြီး ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် အစိုးရလက်ထက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တက်လာခြင်းလည်းဖြစ်သည်။ ၄င်းအစိုးရအနေဖြင့် ရခိုင်မြောက်ပိုင်းနေ မွတ်ဆလင်များအရေး အနောက်နိုင်ငံများ၏ ဝေဖန်ဖိအားပေးနေမှုများကြား ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်ရန် မနည်းရုန်းကန်ခဲ့ရသည်။ မကြာသေးမီမှာပင် အမေရိကန်က မြန်မာ့တပ်မတော် ကာကွယ်ရေးစီးချုပ်နှင့် အခြားထိပ်တန်းစစ်ခေါင်းဆောင်များကို ပိတ်ဆို့မှုချမှတ်ခဲ့သည်။ ဂျပန်နှင့်အနောက်နိုင်ငံမှ ကုမ္ပဏီများက ဒေသတွင်းရုံးခွဲအဖြစ် လုပ်ကိုင်နေသည့် စင်ကာပူနိုင်ငံမှလည်း ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်း ၃ ဆနီးပါးတက်လာခဲ့ပြီး တန်ဖိုးမှာ ဒေါ်လာ ၁ ဒသမ၃ ဘီလီယံဖြစ်သည်။ ဥရောပသမဂ္ဂနိုင်ငံများဆီမှ ရင်းနှီးမြှုပ်နှံမှု စီးဆင်းခြင်းမှာ စုစုပေါင်း ဒေါ်လာ ၃၁ သန်းရှိနေသည်။

တရုတ်အရင်းအနှီး အများအပြား သိသိသာသာစီးဆင်းမှုမှာ မြန်မာ့အထည်ချုပ်လုပ်ငန်းများဆီသို့ ဖြစ်ပြီး ယင်းလုပ်ငန်းများသည် တင်သွင်းလာသည့် ကုန်ကြမ်းများကိုသုံး၍ နောက်ဆုံးထုတ်လုပ်မှု လုပ်ကိုင်ပေးလျက်ရှိရာ အဓိကအားဖြင့် တရုတ်တင်သွင်းကုန်များသုံးရသည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲသည် မြန်မာနိုင်ငံသို့ အထည်ချုပ်လုပ်ငန်းများအဖြစ် ထုတ်လုပ်ရေးအရွှေ့တခုအနေနှင့် တရှိန်ထိုးလိမ့်ဝင်လာနေသည်။ ယင်းအရွှေ့တိမ်းညွှတ်မှုကို တရုတ်လုပ်သား စရိတ်တက်လာခြင်းကလည်း မောင်းနှင်သည်။ မြန်မာနိုင်ငံရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၏ ကုန်ထုတ်လုပ်ရေးကဏ္ဍသည် ၆၀ ရာခိုင်နှုန်းဝန်းကျင်သို့ တက်လာပြီး တန်ဖိုးအားဖြင့် ဒေါ်လာသန်း ၇၀၀ ရှိသည်။ သယ်ယူပို့ဆောင်ရေးနှင့် တယ်လီဖုန်း ဆက်သွယ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုမှာ အစိုးရလက်ခံသည့် အခြေခံအဆောက်အဦ စီမံကိန်းအရေအတွက် အပေါ်မူတည်၍ ဒေါ်လာ ၁ ဘီလီယံအထိ ၄ ဆကျော် ခုန်တက်ခဲ့သည်။ ယင်းစီမံကိန်းများအနက် စီးပွားရေးမြို့တော် ရန်ကုန်တွင် အိန္ဒိယမှ Adani Group လုပ်ငန်းစုက လုပ်ကိုင်နေသော ကုန်သေတ္တာဆိပ်ကမ်းစီမံချက်လည်းပါဝင်သည်။

ဒေါ်အောင်ဆန်းစုကြည် အာဏာရလာသော ၂၀၁၆ ခုနှစ်ကတည်းက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တနှစ်ချင်း ကျဆင်းလာခဲ့သဖြင့် ဒီမိုကရေစီနည်းကျ ရွေးကောက်ခံအစိုးရသည် မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံသူများအား ပိုမိုဆွဲဆောင်၍ ဖိတ်ခေါ်ခဲ့ရသည်။ လက်လီနှင့်လက်ကားလုပ်ငန်းများအတွက် နိုင်ငံခြားမှ တလုံးတခဲတည်းပိုင်ဆိုင်မှုကို ခွင့်ပြုခဲ့ပြီး မြန်မာ

နိုင်ငံ၏ မြေစမ်းခရမ်းပျိုးခါစ အာမခံလုပ်ငန်းဈေးကွက်ကို ဖြေလျှော့ပေးခဲ့သည်။ တိုယိုတာမေ်ာတော်ယာဉ်ကုမ္ပဏီ အနေဖြင့်လည်း မြန်မာနိုင်ငံ၌ ၎င်း၏ပထမဆုံး ယာဉ်အစိတ်အပိုင်း စုစည်းတပ်ဆင်သည့်စက်ရုံတည်ဆောက်မည့် စီမံချက်ကို Nikkei က မေလတွင် သတင်းဖော်ပြခဲ့သည်။ သို့သော် လက်ရှိအရှိန်အဟုန်မှာ ယခင်ဦးသိန်းစိန် အစိုးရလက်ထက် ၅ နှစ် ပျမ်းမျှနှုန်းဒေါ်လာ ၅ ဒသမ ၅ ဘီလီယံကို ကျော်ဖြတ်နိုင်ရေး မလွယ်ကူလှပေ။ ဒေါ်အောင်ဆန်းစုကြည်အစိုးရလျာထားသည့် ဒေါ်လာ ၆ ဘီလီယံအထိရရှိရေးမှာ ၂၀၁၉ ခုနှစ်အတွက် လက်လှမ်းမမီနိုင်တော့ချေ။

**Source:** https://burma.irrawaddy.com/business/2019/07/22/198520.html

## မြေပဲဈေးမြင့်တက်လာမှုကြောင့် ဆီသန့် ထုတ်လုပ်မှုအပေါ် ထိခိုက်မှုရှိလာနိုင်

အခုရက်ပိုင်းအတွင်း ဆီစက်လုပ်ငန်းများတွင် ကုန်ကြမ်းအဖြစ် အဓိကသုံးစွဲရတဲ့ မြေပဲဈေးနှုန်းမြင့်တက်လာမှုကြောင့် စားသုံးသူဘေးကင်းသော ဆီသန့်ထုတ်လုပ်မှုအပေါ်ထိခိုက်မှုရှိလာကြောင်း ဆီကုန်သည်ကြီးများရဲ့ပြောပြချက်အရ သိရပါတယ်။ ဆီကုန်သည်တစ်ဦးက အဓိကကုန်ကြမ်းဖြစ်တဲ့ မြေပဲကို ပြည်ပကလည်းဝယ်ယူနေတော့ ကျွန်တော်တို့ ဆီစက်သမားတွေက သူတို့နဲ့အပြိုင် ဈေးပေးပြီး ဝယ်နေရတဲ့အခြေအနေဖြစ်နေတယ်။ ဒီလိုရေရှည်ဈေးမြင့်နေရင် စားသုံးသူအတွက် ဘေးကင်းတဲ့ဆီသန့်ထုတ်လုပ်မှုတွေအပေါ် ထိခိုက်နိုင်တယ်။ ဘာလို့လဲဆိုတော့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတွေက တွက်ခြေကိုက်အောင်လုပ်ကြမှာလေ။ ဒါကြောင့်လည်း ကျွန်တော်တို့သုံးနေရတဲ့ မြေပဲဈေးနဲ့ ပတ်သက်ပြီး ဈေးတည်ငြိမ်မှုရအောင် အစိုးရအနေနဲ့ ထိန်းညှိပေးစေချင်ပါတယ်လို့ ပြောပါတယ်။

ပြီးခဲ့တဲ့တစ်နှစ်က ဆီကြိတ်တဲ့ မြေပဲဈေးမှာ တစ်ပိဿာကို ကျပ် (၂၂၀၀) ဝန်းကျင်သာရှိပေမယ့်လည်း အခုအခါ မှာတော့ တစ်ပိဿာကို ကျပ် (၃၀၀၀) ကျော်အထိ ဖြစ်လာကြောင်း၊ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့မှ မြေပဲများကို အဝယ် လိုက်လာတဲ့အတွက် နယ်ဝယ်လက်များက အောက်ခြေအထိဆင်းပြီး ဈေးပေးဝယ်ယူမှုများကြောင့်လည်း ဆီကြိတ်မယ့် စက်ပိုင်များအနေနဲ့ ဈေးမြင့်မားမှုနဲ့ တွေ့ကြုံနေရကြောင်းသိရပါတယ်။ ဆီဈေးကွက်အတွင်း မြေပဲဆီတစ်ပိဿာကို အရင်က ကျပ် (၅၃၀၀) မှ (၅၅၀၀) ကြားသာရှိပေမယ့်လည်း အခုအခါ တစ်ပိဿာကို ကျပ် (၆၅၀၀) အထိမြင့်တက်လာပြီး ဆုံဆီတစ်ပိဿာကို ကျပ် (၈၀၀၀) အထိဖြစ်လာကြောင်းသိရပါတယ်။

Source: Myawady

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2180-groundnut-oil-prices-due-to-rising,-and-production-is-expected-to-impact.html

## STOCK EXCHANGE (23.7.2019)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Jul. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 708 | 8,142,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,350 | 3,350 | 3,300 | 5,952 | 19,753,950 | 38,929,150 | 128,466 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 22 | 176,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,000 | -500 | -2.04% | 24,000 | 24,000 | 24,000 | 81 | 1,944,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | -50 | -1.61% | 3,100 | 3,100 | 3,050 | 510 | 1,557,350 | 12,212,906 | 37,249 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 454.17 | -1.35 | -0.30% | 456.04 | 456.04 | 454.17 | 7,273 | 31,573,300 | 5 | 620,049 |

**Index chart**




# Market Overview

As of 11:00 am, 23rd Jul. 2019

| MYANPIX | 454.17 ▼ 1.35 |
|---|---|
| Total Volume (shares) | 4,282 |
| Total Value (MMK) | 20 mil |
| Listed Company | 5 |
| Market Cap. (MMK) | 620,049 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 24,000 | ▼ 500 |
| TMH | 00005 | 3,050 | ▼ 50 |